# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၄၉ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ။
# (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၆။)
# ၁၃၁၁ ခု၊ ဝါဆိုလဆန်း ၁၂ ရက်။
# (၁၉၄၉ ခု၊ ဇူလိုင်လ ၆ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကိုထုတ်ပြန်ကျေညာ သည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၄၉ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ်ဘဏ္ဍာ တော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။(၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်းငွေ ၁၀ (ဤအက် ဥပဒေဇယားတွင် ဖေါ်ပြထားသည်) ကို ထုတ်၍၊ ၁၉၄၉ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၄၉ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးအက်ဥပဒေအမှတ် ၁၄ အရ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲ ခြင်းအပြင်၊ နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

ဇယား။

| အစိုးရဌာန။ | | ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်။ |
|---|---|---|
| အထွေထွေ | ... ... ... | ၁၀ |
| ပေါင်း | ... | ၁၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊
နိုင်ငံတော်ယာယီသမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၁ ခု၊ ဝါဆိုလဆန်း ၁၂ ရက်။

၁၉၄၉ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ။
(၁၉၄၉ ခု၊ ဇူလိုင်လ ၆ ရက်။)

အမိန့်အရ၊

ရွှေဘော်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၁၁၂]